# World Ozone Day-2020 ၏ အသိပညာပေး မေးခွန်းများမေးဖြန်းခြင်း အစီအစဉ်

၁။ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့သည် အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကို ကာကွယ်ထိန်းသိမ်းရန် ပြည်သူလူထုအားလှုံ့ဆော်ရန်၊ မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသော အိုဇုန်းလွှာကာကွယ်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ကြစေရန်၊ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များ၏ အောင်မြင်မှုကို သိရှိဂုဏ်ပြုနိုင်ကြစေရန်၊ အိုဇုန်းလွှာ၏ ရာသီဥတုပြောင်းလဲမှုနှင့် ယနေ့ကမ္ဘာပေါ်ရှိ သက်ရှိများအတွက်ပါမက နောင်အနာဂတ်မျိုးဆက်များအတွက်ပါ အရေးပါပုံကို အများပြည်သူမှ ကောင်းမွန်စွာ သိရှိနားလည်ပြီး အိုဇုန်းလွှာထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ဝိုင်းဝန်း ပူးပေါင်းပါဝင်လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် တိုက်တွန်းနှိုးဆော်သည့် ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှား ဆောင်ရွက်မှု တစ်ခုဖြစ်ပါသည်။

၂။ နှစ်စဉ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အထိမ်းအမှတ် အခမ်းအနားများ၊ အသိပညာပေး အစီအစဉ်များကိုကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၂၀ဝ၈ခုနှစ်မှ စတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကာ ယခုနှစ် ၂၀၂၀ ပြည့်နှစ်တွင်မူ ကမ္ဘာ့ကပ် ရောဂါ COVID-19 ကူးစက်ပျံ့ပွားမှုအခြေအနေကြောင့် Digital Campaign အနေဖြင့် ကျင်းပသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Digital Campaign ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ Facebook Page တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့နှင့် သက်ဆိုင်သော မေးခွန်းများ မေးဖြန်းခြင်းအစီအစဉ်အား ၁၅-၉-၂၀၂၀ ရက်နေ့နှင့် ၁၆-၉-၂၀၂၀ ရက်နေ့ နေ့လယ် (၁၃:၃၀) နာရီ တွင် (၂) ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေး နေ့နှင့်သက်ဆိုင်သော မေးခွန်းများမေးဖြန်းခြင်း အစီအစဉ်တွင် ပါဝင်ဖြေဆိုလိုသူများအား ဖိတ်ခေါ်အပ် ပါသည်။ မေးခွန်းများမေးဖြန်းခြင်း အစီအစဉ်တွင် စည်းကမ်းချက်များမှာ အောက်ဖော်ပြပါအတိုင်း ချမှတ်ထားကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

(က) World Ozone Day - 2020 အသိပညာပေးမေးခွန်းမေးဖြန်းခြင်းအစီအစဉ်အား ၁၅-၉-၂၀၂၀ ရက်နေ့မှ ၁၆-၉-၂၀၂၀ ရက်နေ့အထိ နေ့လယ် (၁၃:၃၀) နာရီတွင် စတင်မည် ဖြစ်ကာ တစ်ရက်လျှင် မေးခွန်း (၁၀) ခုဖြင့် စုစုပေါင်း (၂) ရက်အတွက် မေးခွန်း (၂၀) ခု အား မေးဖြန်းသွားမည် ဖြစ်ပါသည်။

(ခ) World Ozone Day - 2020 အသိပညာပေးမေးခွန်းမေးဖြန်းခြင်းအစီအစဉ်တွင် မေးခွန်း တစ်ခုလျှင် (၅) မိနစ်ခြား တင်ပေးသွားမည်ဖြစ်ပြီး အဖြေမှန်ရွေးချယ်၍ ဖြေဆိုချိန် (Comment ပေးချိန်အား) (၅) မိနစ်စောင့် ဆိုင်းပေးသွားမည် ဖြစ်ပါသည်။

(ဂ) မေးခွန်းဖြေဆိုရာ၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Page ဘက်သို့ အရင်ဆုံး တက် လာသည့် အဖြေမှန် Comment သည်သာအတည်ဖြစ်ပါသည်။

(ဃ) မေးခွန်းတစ်ခုချင်းစီအတွက် account တစ်ခုလျှင် comment တစ်ကြိမ်သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။

( င) မေးခွန်းများကိုဖြေဆိုရာတွင် ရွေးချယ်ရန်ဖော်ပြထားသော အဖြေများအနက်မှ အဖြေမှန်အား ရွေးချယ်၍ ရေးသားဖြေဆိုရမည် ဖြစ်သည်။

(စ) ယခုအစီအစဉ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်ဖြေဆိုခွင့်မရှိပါ။

(ဆ) မေးခွန်းတစ်ခုချင်းစီအတွက် ပထမဆုံး အဖြေမှန်ရရှိသူများအား ဖုန်းဘေလ် (၅,၀၀၀ ကျပ်) ချီးမြှင့်မည် ဖြစ်ပါသည်။

(ဇ) ဆုရရှိသူများစာရင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Facebook Page နှင့် Website တွင် ပြန်လည် ကြေညာပေးသွားမည် ဖြစ်ပါသည်။

(ဈ) ဆုရရှိသူများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Messenger Chat Box သို့ ဖုန်းဘေလ်ဖြည့်သွင်းပေးရမည့် ဖုန်းနံပါတ်များအား မှန်ကန်စွာပေးပို့ရမည် ဖြစ်ပါသည်။

(ည) ဆုရရှိသူများသည် ဖုန်းဘေလ် (၅,၀၀၀ကျပ်) လက်ခံရရှိပြီးပါက ရရှိကြောင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန Messenger Chat Box တွင် ပြန်လည် အကြောင်းကြားပေးရမည် ဖြစ်ပါသည်။

(ဋ) မေးခွန်းမေးမြန်းခြင်းနှင့်ပတ်သက်၍ အငြင်းပွါးဖွယ် တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ဆုံးဖြတ်ချက်ဖြင့်သာ အတည်ပြုဆုံးဖြတ်မည် ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန